**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**

**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**

**ပထမအကြိမ် အကြံပြုဆွေးနွေးပွဲ မေလ ၁၉ ရက်၊ ၂၀၁၄**

**မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့**

| **အမျိုးအစား** | **တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ** | **မှတ်ချက်** |
|---|---|---|
| အကြောင်းအရာ | **လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည်** လူထုအသိုက်အဝန်းများအတွက် ၎င်းတို့ဒေသထွက်ကုန်များ တင်ပို့နိုင်အောင် လုပ်ဆောင်ပေးသောကြောင့် ကျေးလက်တိုးတက်ရေးအတွက် အရေးကြီးသည်။ ကျေးလက်လမ်းများ၏ ၈% မှာ သွားလာ၍ မရချေ။ မြို့နယ်အဆင့်လမ်းအချို့ တိုးတက်မှုရှိနေချိန်တွင် ကျေးရွာဧရိယာများတွင်ပါ ထိုသို့ဖြစ်လျင် ပို၍ကောင်းမည်ဖြစ်သည်။ | |
| | **လျှပ်စစ်ဓာတ်အား**က လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးသည်။ SME များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးပြီး ဆက်သွယ်ရေး တိုးတက်စေကာ ကျန်းမာရေး နှင့်ဆက်စပ်သော ဗဟုသုတများ တိုးပွားရရှိအောင် လုပ်ဆောင်ပေးသည်။ | |
| | နိုင်ငံစီးပွားရေးသည် စိုက်ပျိုးရေးအပေါ် အခြေခံပြီး လူဦးရေ၏ ၇၀% သည် ကျေးလက်တွင် နေထိုင်ကြသည့်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ဦးစား ပေးဖြစ်သည်။ | |
| | **လျှပ်စစ်ဓာတ်အား -** ကျေးလက်တွင် နေထိုင်သူအများစုသည် လျှပ်စစ်ဓာတ်အား မရရှိကြချေ။ ဤအချက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဟန့်အတားတစ်ခု ဖြစ်နေသည်။<br><br>သို့ရာတွင် ငြိမ်းချမ်းရေးမရှိလျှင် ဘာမှမလုပ်နိုင်သည့်အတွက် ငြိမ်းချမ်းရေးသည် လည်း အရေးကြီးကြောင်း မိမိတို့ ခံစားရသည်။ | |
| | လျှပ်စစ်ဓာတ်အား ရရှိခြင်းက ကျေးရွာတစ်ရွာ၏ လူနေမှုဘဝကို မည်သို့မြှင့်တင်နိုင်ကြောင်း တွေ့မြင်ရသည့်အတွက် **လျှပ်စစ်ဓာတ်အား**သည် မိမိတို့အတွက် နံပါတ် ၁ ဦးစားပေးဖြစ် သည်။<br><br>ဒုတိယ ဦးစားပေးမှာ **လမ်းပန်းဆက်သွယ်ရေး / သယ်ယူပို့ဆောင်ရေး** ဖြစ်သည်။ လူအတော်များများမှာ ဆိုးဝါးသည့် လမ်းများနှင့် ကျေးရွာများတွင် နေထိုင်နေကြရသည်။ ကျေးရွာတစ်ရွာကို ကားများ မြန်မြန်ရောက်ရှိ နိုင်သည်နှင့်တပြိုင်နက် ကောင်းမွန်သည့် အပြောင်း အလဲများ များစွာပေါ်ပေါက်လာသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ လွန်ခဲ့သော ၂ နှစ်ကာလ အတွင်း လမ်းစနစ်များတွင် တိုးတက်မှုများ ရှိခဲ့ပြီး လူအချို့ ကားများဝယ်ယူနိုင်သောကြောင့် မြို့များရှိ ဈေးကွက်များသို့ ထုတ်ကုန်များ လွယ်ကူစွာ တင်ပို့နိုင်လာသည်။ | |
| | စီးပွားရေးသည် စိုက်ပျိုးရေးအပေါ်အခြေခံနေသည့်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုသည် နံပါတ် ၁ ဦးစားပေးဖြစ်သည်။ သီးနှံများအား အရည်အသွေးကောင်းကောင်းနှင့် အရေအတွက်များများ ထုတ်လုပ်ရန်လိုအပ်သည်။ ပို့ကုန်များမှ ဝင်ငွေရရှိလျှင် လျှပ်စစ်ဓာတ်အားကဲ့သို့သော အခြားသောနေရာများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည် ဖြစ်သည်။<br><br>ပညာမတတ်ပါက ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်သည့်အတွက် **ပညာရေး**သည် ဒုတိယဦးစားပေး ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် ဆင်းရဲနွမ်းပါးရခြင်း၏ မူလအကြောင်းအရင်း ဖြစ်ကြောင်းအာဆီယံနိုင်ငံများကလည်းပြောဆိုမနေကြသည်။ | |
| | လူဦးရေ၏ ၇၀%သည် တောင်သူများဖြစ်သည့်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုသည် နံပါတ် ၁ ဦးစားပေး ဖြစ်သည်။<br><br>မိမိတို့၏ ဒုတိယ ဦးစားပေးမှာ ပညာရေးဖြစ်သည်။ အထူးသဖြင့် သမရိုးကျ မဟုတ်သည့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်ပြီး | |

| | | |
|---|---|---|
| | စိတ်နေစိတ်ထားနှင့် တွေးခေါ်မှု နည်းလမ်းကို ပြောင်းလဲရန်လိုသည်။ | |
| | အားလုံးခြုံကြည့်လိုက်သည့်အခါ ကဏ္ဍအားလုံးမှာ အလွန်အရေးကြီးသည့်အတွက် မည်သည့် ကဏ္ဍကို ဦးစားပေး ရွေးချယ်ရမည်ဆိုသည်မှာ အလွန်ခက်ခဲသည်။ **အမျိုးသား စည်းလုံးရေး**နှင့် **ငြိမ်းချမ်းရေး**သည် ပဓာနကျသည်။ ငြိမ်းချမ်းရေးနှင့် **တရားဥပဒေ စိုးမိုးရေး**သည် ဆင်းရဲနွမ်းပါးမှု အဆင့်များနှင့် တိုက်ရိုက် အချိုးကျ နေသည်။ **မြို့ပြဆင်းရဲနွမ်းပါးမှု**ကို ထိန်းချုပ်ရန် နည်းဗျူဟာတစ်ခု လိုအပ်ပြီး **သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲရန်**အတွက် နည်းဗျူဟာလိုအပ်သည်။ **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး**အတွက်လည်း လုပ်ဆောင်ရန် လိုအပ်သည်။ | |
| လုပ်ငန်းစဉ် | | |